# ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများ ရောနှောပါဝင်မှုမရှိသော ကုန်ကြမ်းအဖြစ် တိုက်ရိုက်အသုံးပြုနိုင်သည့် Recycle ပြုလုပ်၍ရသော ပလတ်စတစ်နှင့်အခြားကုန်ကြမ်းပစ္စည်းများအား ပြည်တွင်းသို့တင်သွင်းခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ပတ်ဝန်းကျင်ဆိုင်ရာ သဘောထားမှတ်ချက်တောင်းခံရာတွင် တင်ပြရမည့် အချက်အလက်များ

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သွင်းကုန်လိုင်စင်လျှောက်ထားရယူရန် လိုအပ်သောစာရင်းအား နှစ်စဉ်ထုတ်ပြန်ကြေညာလျက်ရှိရာတွင် စွန့်ပစ်ပစ္စည်းများစာရင်းပါဝင်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ပတ်ဝန်းကျင်ဆိုင်ရာသဘောထားမှတ်ချက်ပါရှိမှသာ ကုန်သွယ်ရေးဦးစီးဌာနမှ သွင်းကုန်လိုင်စင်ထုတ်ပေးခြင်းဖြစ်သဖြင့် တင်သွင်းခြင်းကိစ္စရပ်များကို ပတ်ဝန်းကျင်ဆိုင်ရာ သဘောထားမှတ်ချက်များ ပြန်ကြားဆောင်ရွက်လျက်ရှိပါသည်။

၂။ လက်ရှိတွင် မြန်မာနိုင်ငံအနေဖြင့် စွန့်ပစ်ပစ္စည်းများကို ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေသော ခိုင်လုံသည့်စီမံခန့်ခွဲမှုစနစ် (Environmental Sound Management- ESM) ဖြင့် စီမံဆောင်ရွက်နိုင်ရန် နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်များရှိနေခြင်းတို့ကြောင့် မည်သည့်စွန့်ပစ်ပစ္စည်းများကိုမျှ တင်သွင်းခွင့်မပြုသေးပါ။

၃။ တင်သွင်းမည့်ပစ္စည်းများဖြစ်သည့် Recycle Plastic Scrap နှင့် အခြား Scrap များသည် (က) Recycle ပြုလုပ်၍ရသော ကုန်ကြမ်းအဖြစ် တိုက်ရိုက်အသုံးပြု၍ရသော သန့်စင်ပြီး ဖြတ်စ/အပိုင်းအစများဖြစ်ရန်၊ ( ခ ) စက်ရုံ၌အသင့်အသုံးပြုနိုင်သော ကုန်ကြမ်းများဖြစ်ရန်နှင့် ( ဂ ) ပြည်တွင်း၌ မရရှိနိုင်သော ကုန်ကြမ်းများဖြစ်ရန် လိုအပ်ပြီး ယင်းပစ္စည်းများကို ကုန်ကြမ်းအဖြစ် အသုံးပြုမည့် စက်ရုံအနေဖြင့် စက်ရုံလုပ်ငန်းအရွယ်အစားအလိုက် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) အစီရင်ခံစာ သို့မဟုတ် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာ သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် (EMP) အပေါ် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ အတည်ပြုပြန်ကြားစာ (သို့မဟုတ်) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် (ECC) ရရှိထားရမည်ဖြစ်ပါသည်။

၄။ လုပ်ငန်းရှင်များအနေဖြင့် သန့်စင်ပြီး Recycle Plastic Scrap နှင့် အခြား Scrap များ ပြည်တွင်းသို့ တင်သွင်းရန်အတွက် သဘောထားမှတ်ချက်တောင်းခံရာတွင် အောက်ဖော်ပြပါအချက်အလက်များကို ပြည့်စုံစွာ ပူးတွဲ၍ လျှောက်ထားရန် လိုအပ်ပါသည်-

(က) တင်သွင်းခြင်းအတွက် အကြောင်းပြချက်အသေးစိတ်ပါရှိသည့် ကုမ္ပဏီ၏လျှောက်လွှာ၊

( ခ ) တင်သွင်းလိုသည့်ပမာဏ၊ တင်သွင်းမည့်အချိန်ကာလသတ်မှတ်ချက်၊ တင်သွင်းမည့်နိုင်ငံ၊ တင်သွင်းမည့်လမ်းကြောင်း၊

( ဂ ) တင်သွင်းမည့်ပစ္စည်းများနှင့်ပတ်သက်၍ အသေးစိတ်ဖော်ပြချက်များ (Specifications) နှင့် တင်သွင်းမည့်ပစ္စည်းများ၏ ကြည်လင်ပြတ်သားသည့် မှတ်တမ်းဓာတ်ပုံများ၊

(ဃ) ဘေးအန္တရာယ်ရှိပစ္စည်းများဟုတ်/မဟုတ် ခွဲခြားနိုင်ရေးအတွက် ဓာတ်ခွဲစမ်းသပ်ချက် အဖြေများ (ပလတ်စတစ်ကုန်ကြမ်းများဖြစ်ပါက မလိုအပ်ပါ)၊

( င ) ကုမ္ပဏီဆိုင်ရာအချက်အလက်များနှင့် အသုံးပြုလည်ပတ်မည့် စက်ရုံဆိုင်ရာ ဆက်စပ်ဌာနများ၏ လိုင်စင်၊ မှတ်ပုံတင်နှင့်ခွင့်ပြုချက်များ၊

( စ ) တင်သွင်းမည့်ကုမ္ပဏီတွင် အသုံးပြုလည်ပတ်မည့် စက်ရုံမရှိပါက တင်သွင်းမည့်ကုမ္ပဏီနှင့် အသုံးပြုလည်ပတ်မည့်စက်ရုံတို့၏ သဘောတူညီချက်စာချုပ်

(ဆ) ဝယ်ယူတင်သွင်းမည့်တစ်ဖက်နိုင်ငံရှိကုမ္ပဏီနှင့် ချုပ်ဆိုထားသည့် အရောင်းအဝယ် သဘောတူညီချက်စာချုပ်၊

( ဇ ) တင်သွင်းမည့်ပစ္စည်းများသည် ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများရောနှောပါဝင်ခြင်းမရှိသည့် ကုန်ကြမ်းအဖြစ်တိုက်ရိုက် အသုံးပြုနိုင်သောသန့်စင်ပြီး ကုန်ပစ္စည်းများဖြစ်ကြောင်း ဝန်ခံကတိပြုလွှာ၊

( ဈ ) တင်သွင်းမည့်ကုန်ပစ္စည်းများအား ကုန်ကြမ်းအဖြစ်အသုံးပြုလည်ပတ်မည့် စက်ရုံအတွက် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) အစီရင်ခံစာ (သို့မဟုတ်) ကနဦးပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း (IEE) အစီရင်ခံစာ (သို့မဟုတ်) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) အပေါ် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ အတည်ပြုချက် (Approval Letter) (သို့မဟုတ်) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်(ECC)။

၅။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် အထက်ဖော်ပြပါ အချက်အလက်များ ပြည့်စုံမှု ရှိ/မရှိ စိစစ်၍ ကုန်ကြမ်းများအား အသုံးပြုမည့် စက်ရုံကို သက်ဆိုင်ရာတိုင်းဒေသကြီး / ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနများအား ကွင်းဆင်းစစ်ဆေးစေပြီး ပြန်လည်တင်ပြလာသည့် ကွင်းဆင်း စစ်ဆေးချက်အစီရင်ခံစာနှင့် အတည်ပြုပြီး ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) အစီရင်ခံစာ သို့မဟုတ် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာ သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) သို့မဟုတ် ECC လက်မှတ်တွင် ဖော်ပြပါရှိသော ကုန်ကြမ်းလိုအပ်ချက်အပေါ် စိစစ်သုံးသပ်ပြီး လုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရမည့်အချက်များအား ဖော်ပြကာ ပြည်ထောင်စုဝန်ကြီးရုံး၏ ခွင့်ပြုချက်ဖြင့် ကုန်သွယ်ရေးဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကုန်သွယ်မှု ဝန်ဆောင်မှုလုပ်ငန်းများအား Online စနစ် အသုံးပြုနိုင်သည့် Myanmar Tradenet 2.0 စနစ်ကို အသုံးပြု၍ ကုန်သွယ်ရေးဦးစီးဌာနသို့လိပ်မူပြီး ပတ်ဝန်းကျင်ဆိုင်ရာ သဘောထားမှတ်ချက် ပြန်ကြား ဆောင်ရွက်ပြီးမှသာ ကုန်သွယ်ရေးဦးစီးဌာနမှ လုပ်ငန်းရှင်သို့ သွင်းကုန်လိုင်စင်ထုတ်ပေးခြင်း ဖြစ်ပါသည်။